The Strategy First Times

Vol.1., Issue 16

June 6, 2016 | ၁၃ဂုဏ ခု၊ ကဆုန်လပြည့်ကျော် (၁၂) ရက်နေ့၊ တနလာနေ့ | နစ်ပတ် တစ်ကြိမ် / Digital Edition

Stamford MBA စတင်ပြီ

HEALTHY LIVING စာ - ၁၀သို့

ကျန်းမာရေး၊ အာဟာရနဲ့ပတ်သက်ပြီး လူတွေအထင်မှားတတ်တဲ့ အချက် (၅) ချက်

BOOK REVIEW စာ - ၉ သို့

Low-Budget Marketing for Rookies

မဂ်လာပါ **Strategy First Library** မှ စာဖတ်ပရိသတ်များခင်ဗျာ။ အသေးစားနဲ့ အလတ်စား (SME) လုပ်ငန်းပိုင်ရှင်အများစုဟာ Marketing ကို နက်နဲခက်ခဲပြီး ငွေအများဆုံးသုံးရကာ ဆန်းသစ်တီထွင်မှုများနဲ့ ရှုပ်ထွေးနေတဲ့အရာလို့ ထင်မြင်နေကြပါတယ်။ SME လုပ်ငန်းရှင်အများစုကလည်း Marketing ကို ငွေကုန်မယ်လို့သာ ထင်မှတ်ထားကြပြီး လုပ်ငန်းအတွက် ထပ်မံရင်းနှီးမြှုပ်နှံဖို့သာ စိတ်အားထက်သန်နေတတ်ကြပါတယ်။



စာ - ၈ သို့

အမှုဆောင်အကြီးအကဲ တစ်ယောက်ရဲ့ အမှုအကျင့်တွေက ဘာတွေလဲ၊ သင့်မှာရော ဒီလိုအမှုအကျင့်တွေရှိသလား၊

ကုမ္ပဏီလုပ်ငန်းတစ်ခုမှာ ရှိတဲ့ အမှုဆောင် အကြီးအကဲ တစ်ယောက်ရဲ့ စွမ်းအားအရည်အချင်းတွေက ဘာတွေလဲ၊ သြဇာအာဏာလား၊ ကိုယ်ဟန်အမူအရာ ကြော့မော့ခြင်းလား၊ လုပ်ငန်းမှာ အရေးပါအရာရောက်မှုလား၊ ၊ အဲဒါတွေလည်း မှန်ပါတယ်၊ နောက်တစ်ချက် ရှိပါသေးတယ်၊ ကိုယ့်နှုတ်အမှုအရာနဲ့ ဆွဲဆောင်နိုင်မှု ဖြစ်ပါတယ်။

MOVIE REVIEW စာ - ၆ သို့

The Huntsman: Winter's War

TED TALK စာ - ၁၃ သို့

How To Speak So That People Want To Listen

Professor Dr. Daw Hla Myint MBA Scholarship - 10,000 $ ချီးမြှင့်

" Why I believe an MBA is more valuable than a car for me " ခေါင်းစဉ်ဖြင့် **STRATEGY FIRST INSTITUTE**မှပေးအပ်သော MBA Scholarship ကို အနယ်နယ်အရပ်ရပ်မှ ထူးချွန်သူ ၈၁ ဦး လျှောက်ထားခဲ့ကြပါတယ်။

STRATEGY FIRST INSTITUTE ရဲ့နာယကကျေးဇူးရှင် ပါမောက္ခ ဆရာမကြီး ဒေါက်တာဒေါ်လှမြင့်ကို ဂုဏ်ပြုသောအားဖြင့် 10,000$ MBA Scholarship ကို Professor Dr. Daw Hla Myint MBA Scholarship အဖြစ် မှည့်ခေါ်ပြီး လျှောက်ထားသူ ၈၁ ဦးအနက်မှ ဆန်ကာတင် (၉) ဦးကို လူတွေ့စစ်ဆေးပြီး ကိုလူဂျီးနို့ ကို ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။

ကိုလူဂျီးနို့သည် အသက် ၂၆ နှစ်ရှိကယန်းတိုင်းရင်းသားတစ်ဦးဖြစ်ပြီး B.A (Eng)Q ဘွဲ့ကို လွိုင်ကော်တက္ကသိုလ်မှ ရရှိထားပြီး Diploma in International Relations ကိုလည်း ရန်ကုန်တက္ကသိုလ်မှ ရရှိထားပါတယ်။

သူသည်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ၊အသေးစားငွေချေးလုပ်ငန်းဆိုင်ရာသင်တန်းများနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို လည်းတက်ရောက်ခဲ့ပါတယ်။အင်္ဂလိပ်စာလည်း အပြောအဆို၊အရေးအသားကျွမ်းကျင်သူတစ်ဦးလည်းဖြစ်ပါတယ်။

ဘဏ်လုပ်ငန်း၊ပညာရေးဆိုင်ရာဖောင်ဒေးရှင်းတစ်ခုနဲ့ကုလသမဂ္ဂစီမံကိန်းတစ်ခုတို့မှာ (၅) နှစ်ကျော်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီးယခုအခါ ဘာသာပြန်ခြင်းနဲ့ စာသင်ပြခြင်းတို့ဖြင့် နယ်မှ မိဘ၊ ညီ၊ညီမများကို ကူညီထောက်ပံ့ပေးနေသူ ဖြစ်ပါတယ်။သူသည်နိုင်ငံတကာ MBA သင်တန်းတက်ရောက်နိုင်ဖို့ ပညာသင်ဆုမရရှိဘဲ မဖြစ်နိုင်သည့်အတွက် လျှောက်ထားခဲ့ပါတယ်။

STRATEGY FIRST မှ ချီးမြှင့်သော MBA ကို တက်ရောက်ပြီး ဘဝတစ်ဆစ်ချိုးပြောင်းလဲရန် တက်လမ်းတစ်ခု ရရှိနိုင်မယ်လို့ မျှော်လင့်ထားသူဖြစ်ပါတယ်။ လူနည်းစုဖြစ်သော ကယန်းလူမျိုးစုအတွက် အဆင့်မြင့်ပညာများ ပြန်လည်မျှဝေပေးလိုသူတစ်ဦးဖြစ်ပြီး စံပြကျောင်းသားအဖြစ်လည်းကောင်း၊ နိုင်ငံ့သားကောင်းတစ်ယောက်အဖြစ် အများကောင်းကျိုးဆောင်ရွက်သွားမယ်လို့ ကတိကဝတ်ပြုထားပါတယ်။

သူရဲ့MBA Scholarship Essay မှာ - ကားတစ်စီး၏ တန်ဖိုးမှာ ရေတိုတွင် အသုံးဝင်သော်လည်း ရေရှည်တွင် စီမံခန့်ခွဲမှု ဘာသာရပ်

အစုံအလင် သင်ယူရသော နိုင်ငံတကာ MBA တစ်ခု၏ တန်ဖိုးမှာ အချိန်နေရာမရွေး အသုံးဝင်ပြီးမိမိဘဝတစ်သက်တာတိုးတက်ရေးသာမက၊ သူတပါးတို့၏ ဘဝကို မြှင့်တင်ပေးနိုင်ရေး အတွက်ပါအကျိုးရှိလှသည့်အကြောင်းရေးသားထားပါတယ်။

ကိုလူဂျီးနို့သည် Professor Dr. Daw Hla Myint MBA Scholarship ဒေါ်လာတစ်သောင်းဖြင့် **STRATEGY FIRST INSTITUTE** မှာ ဖွင့်လှစ်သော ထိုင်းနိုင်ငံ Stamford International University မှ Signature MBA ပထမအသုတ်မှာ တက်ရောက်သွားမှာ ဖြစ်ပါတယ်။

ဆန်ကာတင်အဆင့်အထိရွေးချယ်ခံထားရသူများကို **STRATEGY FIRST INSTITUTE** မှာ မည်သည့်သင်တန်းမဆိုတက်ရောက်နိုင်သော ကျပ် (၅)သိန်းဖိုးသင်တန်းကြေး Scholarship တစ်ဆုစီ ချီးမြှင့်ခဲ့ပါတယ်။

၁။ ဒေါက်တာနေလင်းထွန်း(Int'l HIV/ AIDS Alliance in Myanmar)
၂။ ကိုပြည့်ဖြိုးဥာဏ် (Mitsui & Co., Ltd.)
၃။ ဒေါက်တာ မြတ်ရွှေစင်ဦး (Han Ideal Trading Ltd.)
၄။ ကို ရဲရင့်ထွန်း (AYA Bank)
၅။ ကိုလင်းမင်းကျော်ဝင်း(NEC Corporation, Yangon Branch)
၆။ မသက်ထားဆွေ (KTZ Pharma Ltd.)
၇။ မသင်းမြတ်စံ (Novartis Pharma Services, DKSH)
၈။ မအိသဏ္ဌာမောင်မောင် (AA Medical)

ထူးချွန်သူဆန်ကာတင် (၉) ဦးကိုနာယကကြီးများဖြစ်ကြသော ဆရာမကြီး ပါမောက္ခ ဒေါက်တာ ဒေါ်လှမြင့်၊ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်အုန်းသန့်၊ **STRATEGY FIRST**၏ Academic Director ဆရာကြီး ဒေါက်တာ စိန်မင်းတို့မှ လူတွေ့မေးမြန်းပြီးရွေးချယ်ပေးခြင်းဖြစ်ပါတယ်။

Scholarship များသည် **STRATEGY FIRST INSTITUTE** ရှိ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနဲ့ ဝန်ထမ်းအဖွဲ့သားများရဲ့ပညာဒါနအလှူဖြစ်ပါတယ်။ နောက်တစ်ကြိမ်မှာလည်း ထပ်မံလျှောက်ထားနိုင်ပါတယ်။

The STRATEGY FIRST Times

Editor-in-Chief
Aung Chit Khin

Advisor
Dr. Sein Min

Editor-in-Charge
Naing Naing Zaw

Senior Reporter/ Assistant Editor
Thiha Ko Ko

Translation Editor
Thiha Than Naing

Contributors
NCC Students

Layout & Design
War War Tun

Senior Business Manager
Aung Kyaw Htay
May Thet Hnin

Free Distribution

Price - Free
Circulation - 2500

Publisher
Aung Chit Khin
(Reg - 01221)

Printing House
U Aung Naing Tun
(Amimyay - 00199)

Address
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

ICM
The Institute of Commercial Management

Batch 11+ တန်းခွဲသစ်များ စတင်ဖွင့်တော့မည်

အလုပ်တစ်ဖက်နဲ့ မအားလပ်သူများ မိမိကျွမ်းကျင်လိုတဲ့ ဘာသာရပ်ကိုသာ အာရုံစိုက်လေ့လာပြီး မိမိတို့၏လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချမည့်သူများအတွက် ICM, UK Diploma စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း တန်းခွဲသစ်များ ဖွင့်လှစ်ပါမည်။

Institute of Commercial Management (ICM), UK မှ စစ်ဆေးသော (၃) နာရီ ရေးဖြေမေးခွန်းများကို ဖြေဆိုအောင်မြင်ပါက သက်ဆိုင်ရာဘာသာရပ်အလိုက် Single Subject Diploma များရရှိပါမည်။ စာမေးပွဲများကို မြန်မာနိုင်ငံရှိ British Council မှ စီစဉ်ပေးသွားပါမည်။ သင်တန်းများအားလုံး သင်တန်းချိန် (၅)လခွဲ ကြာမြင့်ပါမည်။ Management of Travel and Tourism Operations ဘာသာရပ်အတွက် သင်တန်းကာလ (၃)လ ကြာမြင့်ပါမည်။

သင်တန်းများကို (၂) ပတ် အစမ်းတက်ရောက်နိုင်ပါသည်။ ကျောင်းသား/သူများဟောင်းများကို ငွေအကျေပေးသွင်းပါက (10%) Discount | ကျောင်းသား/သူများ၏ သူငယ်ချင်းများကို သင်တန်းကြေး (5%) Discount သို့မဟုတ် သင်တန်းကြေး အရစ်ကျ (၂) ကြိမ် ခွဲသွင်းခွင့်ပေးပါမည်။

ICM Single Subject Diplomas (June Intake) တွင် ဖွင့်လှစ်မည့် သင်တန်းများ

1. Marketing Management (တစ်ပတ် နှစ်ချိန်)
Lecturer - U Aung Chit Khin, Principal/Founder,
MBA (Nottingham) PG Dip M, Dip M (CIM, UK)
Schedule - Wed 6:00 to 8:30 pm + Sun 6:00 to 8:30 pm
Starting Date - 15 June 2016

2. Sales & Sales Management (တစ်ပတ် တစ်ချိန်)
Lecturer – U Soe Oo, B.Sc (Zoology), MBA (YIE)
Schedule - Every Sunday – 6:00 to 8:30 pm | Starting Date - 19 June 2016

3. Business Management & Administration (တစ်ပတ် တစ်ချိန်)
နှစ်သက်ရာတန်းခွဲကို ရွေးချယ်တက်ရောက်နိုင်ပါသည်။
Session – 4: Lecturer – Daw Nang Shwe Yee Thein, MBA (Deakin)
Schedule - Every Saturday – 3:00 to 5:30 pm | Starting Date – 11 June 2016
Session – 5: Lecturer – Daw Nang Shwe Yee Thein, MBA (Deakin)
Schedule - Every Saturday – 6:00 to 8:30 pm | Starting Date – 18 June 2016
Session – 6: Lecturer – Daw Khin Nwe Ohn, B.Com(Hons), M.Com (YIE)
Schedule - Every Sunday – 9:00 to 12:00 pm | Starting Date – 19 June 2016

4. Management of Travel and Tourism Operations (တစ်ပတ် နှစ်ချိန်)
Accelerated Lecturer – Daw Thida Han, M.Econ (Stats), B.Econ (Hons) (YIE),
Dip in Tourism Studies and Management
Schedule - Every Tuesday and Wednesday – 6:00 to 8:30 pm |
Starting Date - 14 June 2016 |
Travel and Tours လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ Peak Season မတိုင်မီ အဆင်ပြေစွာ တက်ရောက်နိုင်ရန် တစ်ပတ် နှစ်ချိန် (၃)လ ဖြင့် စီစဉ်ပေးထားပါသည်။

5. Financial Management (တစ်ပတ် တစ်ချိန်)
Lecturer – Daw Htay Htay Myint, M.Com, B.Com (Hons) (YIE)
Schedule - Every Tuesday – 6:00 to 8:30 pm | Starting Date – 14 June 2016

6. Human Resource Management (တစ်ပတ် တစ်ချိန်)
Lecturer - Dr. Daw Ohnmar Myint, Ph.D (HRM, Delhi),
M.Com, B. Com (Hons) (YIE)
Schedule - Every Friday – 6:00 to 8:30 pm | Starting Date - 17 June 2016

7. Human Resources Development (တစ်ပတ် တစ်ချိန်)
Lecturer - U Min Khaung, EMPA (YIE), B.Sc (Zoology), Dip in Logistics Management
Schedule - Every Friday – 6:00 to 8:30 pm | Starting Date - 17 June 2016

8. Logistics & Supply Chain Management (တစ်ပတ် တစ်ချိန်)
Lecturer – Capt. U Aung Khin Myint, Chairman,
Myanmar International Freight Forwarders Association
Schedule - Every Thursday – 6:00 to 8:30 pm | Starting Date - 21 July 2016

9. Public Services Management (တစ်ပတ် တစ်ချိန်)
Lecturer - U Min Khaung, EMPA (YIE), B.Sc (Zoology), Dip in Logistics Management
Schedule - Every Saturday – 9:00 to 12:00 pm | Starting Date - 18 June 2016

10. Project Management (တစ်ပတ် တစ်ချိန်)
Lecturer - Daw Aye Aye Win, M.A (Int'l Business Studies) (Sophia),
M.Com, B.Com (Hons) (YIE), Dip in English
Schedule - Every Wednesday – 6:00 to 8:30 pm | Starting Date - 27 July 2016

Marketing Management – (420,000 Kyats + 105 USD for exam & reg) | Other Programs – (395,000 kyats + 105 USD for exam & reg)

ဘဝရည်မှန်းချက်ကို ကြိုးစားရာမှာ ကြုံလာတဲ့အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်သင့်သလဲ

ဒေါက်တာစိန်မင်း
(Academic Director)

ဘဝခရီးလမ်းကအမြဲဖြောင့်ဖြူးနေတာတော့ မဟုတ်ပါဘူး။ အခက်အခဲကတော့ မလွှဲမရှောင်တာကြုံရမယ့် စိန်ခေါ်မှုတွေလည်းရှိလာမှာပဲ။ ပြဿနာတွေ မျိုးစုံတွေပြီး ဖြေရှင်းရမယ်။ လူတစ်ယောက်အနေနဲ့ဘဝကိုရင်ဆိုင်တဲ့နေရာမှာ ကိုယ်တိုင်ရင်ဆိုင်ကြတာရှိသလို ဘာသာတရားနဲ့ လူကြီးသူမတွေရဲ့လမ်းညွှန်ဆုံးမချက်တွေကိုလိုက်နာပြီးရင်ဆိုင်တာလည်းရှိပါတယ်။ ကိုယ်ရဲ့အတွေ့အကြုံတွေအပေါ် သုံးသပ်ပြီး ဘယ်လိုဖြေရှင်းရင်ရမလဲ ဆင်ခြင်သင့်တာပေါ့။ သူတစ်ပါးရဲ့အကူအညီ လမ်းညွှန်ချက်တွေ ရယူတာလည်း ရှိနိုင်ပါတယ်။ အကောင်းဆုံးကို မျှော်လင့်ကြသလို အဆိုးဆုံးတွေ ဖြစ်လာရင်လည်း ဖြေရှင်းနိုင်အောင်ကြိုပြင်ဆင်ထားသင့်ပါတယ်။ လက်တွေ့ကြုံလာရင်လည်းမတုန်မလှုပ်ဘဲနဲ့ လက်တွေ့ရင်ဆိုင် ဖြေရှင်းသွားရင် အောင်မြင်သွားမှာပါ။ အခက်အခဲကို အရှုံးပေးတာမျိုး မဖြစ်သင့်ပါဘူး။ ကြံ့ခိုင်တဲ့စိတ်ဓာတ်မျိုး မွေးရပါမယ်။

ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ လည်းစိတ်ခံစားမှုတွေကို ဦးစားမပေးဘဲ ဖြစ်သင့်တာကို စဉ်းစားလုပ်ကိုင်သင့်ပါတယ်။ လောကမံရိုက်ခက်မှုကို တုန်လှုပ်သွားမယ်ဆိုရင် မှန်ကန်တဲ့ဆုံးဖြတ်ချက်ချဖို့ ခက်ခဲနိုင်ပါတယ်။ စိတ်အေးအေးထားပြီး အကောင်းဆုံး ဆုံးဖြတ်ချက်ကို ချနိုင်အောင် ကြိုးစားသင့်ပါတယ်။ ဘဝအတွေ့အကြုံ များလာတာနဲ့အမျှ ပိုပြီးရင့်ကျက်လာရမှာပါ။ လူငယ်တွေအနေနဲ့ အသက်အရွယ်အရ ရင့်ကျက်မှုနည်းနေချိန် လမ်းလွဲသွားတတ်တာမို့ စိတ်အလိုမလိုက်ဖို့၊ တိုင်ပင်သင့်သူတွေရဲ့ကူညီမှုကိုယူပါ။ အသိအမြင်တိုးတက်ဖို့ပတ်ဝန်းကျင်ကို လေ့လာပါ။ စာများများဖတ်ပါ။ အသက်အရွယ်နဲ့အတွေ့အကြုံများသူတွေထံက အတုယူစရာရှိတာယူပါ။ ဘဝအခက်အခဲက ရှိစမြဲမို့ ဒါကို ဘယ်လိုရင်ဆိုင်မလဲ ပြဿနာတစ်ခုကို ချောမွေ့နေအောင် ပြင်ဆင်လို့မရဘူး၊ ကိုယ်ကရင်ဆိုင်တတ်ဖို့ပဲလိုတာပါ။ ဘာသာအဆုံးအမတွေ နာယူပြီး ရင့်ကျက်စွာနဲ့ အခက်အခဲကို ရင်ဆိုင်ဖို့လိုပါတယ်။

နန်းဆုရတီစိုး
(Business Management & Administration)

နေရာတိုင်း၊အလုပ်တိုင်းမှာအခက်အခဲ၊အတားဆီးက ရှိနိုင်တာပဲ။ စီးပွားရေးပဲလုပ်လုပ် အနုပညာပဲလုပ်လုပ် ကြုံရတာပဲ။လွယ်လွယ်ကူကူရတဲ့အရာထက် ခက်ခက်ခဲခဲကြိုးစားပြီးရတာကပိုတန်ဖိုးရှိပါတယ်။ အခက်အခဲတွေ ကြုံလာရင် အဓိကစိတ်ဓာတ်ပါပဲ။ကိုယ့်ရဲ့Strategy လည်း မှန်မယ် ၊ အလုပ်ဝမ်းစာတွေရှိပြီး လုပ်ဆောင်ချက်က စနစ်ကျမယ်ဆိုရင် အောင်မြင်မှာပါ။ အခက်အခဲရှိလို့ လက်လျှော့တာမျိုးတော့ မဖြစ်သင့်ပါဘူး။ နန်းဆုတို့မှာလည်း အဲလိုအခက်ခဲတွေ ရှိခဲ့ဖူးပါတယ်။ ဘဝပေးသင်ခန်းစာတွေ အရ ကိုယ်လျှောက်တဲ့လမ်းကို အဆုံးထိသွားရမယ်ဆိုတဲ့ အသိတွေ ရလာခဲ့ပါတယ်။စိတ်ဓာတ်လုံးဝမကျဘဲ ဇွဲ၊လုံ့လ စိုက်ထုတ် ကြိုးစားမယ်ဆိုရင် တစ်ချိန်ချိန်မှာ အောင်မြင်သွားမှာပါပဲ။

စောထိုက်
(Business Management & Administration)

တိုးတက်လိုတဲ့ လူငယ်တိုင်း ဘဝရည်မှန်းရာပန်းတိုင်ဆိုတာ ရှိပါတယ်။ ပန်းတိုင်အရောက်သွားပြီး အောင်မြင်မှုဆွတ်ခူးနိုင်ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ မဖြစ်နိုင်ပါဘူး။ အခက်အခဲပေါင်းစုံကို ရင်ဆိုင်ကျော်ဖြတ်ရမှာပါ။ဒါတွေကျော်ဖြတ်နိုင်ဖို့ သင်ယူမှုတွေကတော့ မလွဲမသွေဆောင်ရွက်ရမှာပါ။အသစ်အသစ်အကြောင်းအရာတွေကို နေ့စဉ်နှင့်အမျှ လေ့လာခြင်းဖြင့် အခက်အခဲတွေကို ကျော်လွှားကွာ အောင်မြင်ဖို့နည်းလမ်းရှာဖွေနိုင်ပါလိမ့်မယ်။ "Today Learner-Tomorrow Leader" "ဒီနေ့လေ့လာပါ၊ မနက်ဖြန်ခေါင်းဆောင် ဖြစ်လာလိမ့်မယ်" လို့ဆိုတဲ့ များများလေ့လာမှု ကြီးမားတဲ့အောင်မြင်မှုရနိုင်မှာပါ။

စိုင်းဝန်းကျောက်
(Sales & Sales Management)

ကိုယ်ရဲ့ဘဝရည်မှန်းချက် လျှောက်လှမ်းရာမှာ အခက်အခဲဆိုတာ လူတိုင်းကြုံရမှာပါ။ လူတိုင်းမှာခက်ခဲဆုံး အချိန်တွေတော့ ရှိကြမှာပဲ ဒါတွေကို ရင်ဆိုင်မလား ထွက်ပြေးမှာလားပေါ့။ ထွက်ပြေးတော့ကော နောင်မကြုံတော့ဘူးလား။ ရင်ဆိုင်သူတွေမှာတော့ စာမေးပွဲဖြေသလိုပဲသူတို့တွေတဖြည်းဖြည်းရင့်ကျက်လာကြမှာပါ။ထက်တဲ့ဓားလိုချင်ရင်တော့ ဝါဂွမ်းမှာသွေးမရဘူး။ ဓားသွေးကျောက်မှာသွေးမှပဲရမယ်။ ဒါကြောင့် ကျွန်တော်တို့တွေရဲ့ဘဝမှာ ကြုံလာတဲ့အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုပဲ တွေးသင့်ပါတယ်။ ဒါကိုဖြတ်ကျော်ပြီးတဲ့ တစ်နေ့မှာကိုယ်အတိုင်းအတာတစ်ခုအထိ ရင့်ကျက်လာချိန်မှာဒါဟာဘာမှမဟုတ်တဲ့ အသေးအမွှားလေးဆိုတာသိလာမှာပါ။

မင်းသိန်း
(Business Management & Administration)

ကိုယ့်ရဲ့ရည်ရွယ်ချက်ကို သွားတဲ့နေရာမှာ တွေ့ရတဲ့အခက်အခဲကို အတွေ့အကြုံနဲ့ပဲကျော်လွှားသွားရတာပါ။အခက်အခဲတွေရင် နောက်မဆုတ်ဘဲ ထပ်ခါထပ်ခါ ကြိုးစားသင့်ပါတယ်။ ကြိုးစားတဲ့နေရာမှာ အတွေ့အကြုံတွေ အသိတွေပါ ပြည့်ဝအောင်လုပ်ထားပြီး အသုံးချမယ်ဆိုရင် ၁၀ ကြိမ်လောက် ကြိုးစားရမယ့်ဟာက (၅) ကြိမ်လောက်နဲ့ အောင်မြင်သွားမှာပဲ။ကျွန်တော့်အနေနဲ့ကတော့ အခက်အခဲကြုံလာရင်စိတ်ဓာတ်ကျမနေဘဲကိုယ်မှာရှိတဲ့အတွေ့အကြုံတွေ သိမြင်ထားတဲ့အသိပညာတွေကိုအခြေတည်ပြီး ကျော်လွှားသွားဖို့ပဲ ပြင်ဆင်ပါတယ်။

ဝတ်ရည်ဖြိုး
(Elementary)

ငယ်ငယ်တုန်းကဆို မိဘကကိုယ့်ရဲ့ ပညာရေးနဲ့ပတ်သက်ပြီး သိပ်ပြီးမထောက်ပံ့နိုင်ခဲ့ဘူးပေါ့။ ဘဝတိုးတက်ရေးသင်တန်းတွေတက်ချင်တယ်အဆင်ကလည်း သိပ်မပြေတော့ သင်တန်းတစ်ခုတက်ဖို့ (၆) လလောက် ပိုက်ဆံစုပြီး တက်ခဲ့ရတာတွေပေါ့။ ဒီလိုနည်းနဲ့ ကိုယ်လိုချင်တဲ့ပညာတွေကိုဖြည့်ဆည်းခဲ့ရတာပေါ့။အဲနောက်မှာကိုယ့်အတွက် ဘာဖြည့်ရမလဲဆိုတာကို အမြဲစဉ်းစားခဲ့တယ်ပေါ့။ ကိုယ့်ဘဝ အခက်အခဲကို ကိုယ့်ဘာသာ ဖြေရှင်းခဲ့ရတာပေါ့။ ဒီလိုတွေတက်လာတဲ့ အချိန်မှာ ကြုံလာတဲ့ အခက်အခဲတွေ အကျပ်အတည်းတွေကို ဘဝရည်မှန်းချက်ကိုကြည့်ပြီးအောင့်အီးသည်းခံပြီးနေရတာတွေရှိခဲ့တာပေါ့။

ထက်လင်းထိုက်
(Business Management & Administration)

အခက်အခဲဆိုတာတော့ တစ်နည်းနည်းနဲ့တွေ့မှာပဲ။ ဒီအခက်အခဲက ကိုယ်ကြိုးစားရင်းနဲ့ ကျော်ရင်လည်း ကျော်နိုင်မယ့် ရှုံးတာလည်းဖြစ်နိုင်တာပဲ။ ရှုံးခဲ့ရင် ဒါကနေ ဘယ်လိုသင်ခန်းစာ ယူမလဲဆိုတာတွေးသင့်တာပါ။အခက်ခဲကိုရင်ဆိုင်ရာမှာ ကိုယ့်ဘက်ကလည်း ကြိုးစားဖို့တော့လိုပါတယ်။ လူဆိုတာ အမြဲတန်းအောင်မြင်တာမှမဟုတ်တာ၊ ဘာကြောင့် ကျရှုံးပြီးဘာတွေကတော့အောင်မြင်တယ်ဆိုတာ တွေးသင့်တာပါ။ အဲနောက်မှာမှ နောင်မဖြစ်အောင် ဘာတွေထပ်လုပ်ရမလဲဆိုတာ သုံးသပ်မယ်။ ပြင်ဆင်သင့်တာ ပြင်ဆင်ရင်းနဲ့ အခက်အခဲတွေကို ကျော်လွှားသွားရပါမယ်။

in partnership with **STRATEGY FIRST INSTITUTE**

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study

SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ MBA program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင်အကြီးမားဆုံးအဆင့်မြင့်ပညာ အဖွဲ့အစည်း ကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည် အမေရိကန်အခြေစိုက် ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိက တက္ကသိုလ်အဖွဲ့ကြီးတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ တက္ကသိုလ်ပေါင်း (၈၀) ကျော်ကို ပိုင်ဆိုင်ပါသည်။ ထိုတက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူ (၁) သန်းခန့် တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သော အလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- 1st Batch (2nd Intake) သင်တန်းများကို ဇူလိုင်လတွင် စတင်ပါမည်။
- သင်တန်းအတွက်သင်တန်းကြေးကို (၁၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပါသည်။ Installment plan လျှောက်ထားရန် နောက်ဆုံးရက် - 30 Jun 2016

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp.

Apply now: (09) 450177770

Please Note: STRATEGY FIRST does not render its services to tobacco, alcohol and MLM enterprises and their employees.

The Huntsman: Winter's War

SFJ Team

The Huntsman: Winter's War က ဇပြီလမှာ အမေရိကားမှာ ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားဖြစ်ပြီး ၂၀၁၂ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ Snow White and The Huntsman ဇာတ်ကားရဲ့အဆက်အနေနဲ့ ဆက်လက်ထွက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

ယခင်ထွက်ရှိခဲ့တဲ့ Snow White and The Huntsman ဇာတ်ကားကနေ နာမည်ကျော်ပုံပြင် စန္ဒီးဝိုက်မင်းသမီးလေးရဲ့ ဇာတ်လမ်းကျာရိုးကို ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒီဇာတ်ကားမှာတော့ စန္ဒီးဝိုက်မင်းသမီးလေးကို ကူညီခဲ့တဲ့ The Huntsman အကြောင်းကို ရိုက်ကူးပြသထားပါတယ်။

ဇာတ်လမ်းအစမှာ စန္ဒီးဝိုက်ရဲ့ရန်သူတော် Queen Ravenna ကစန္ဒီးဝိုက်ရဲ့ဖခင် ဘုရင်ကြီး သတ်ဖြတ်ပြီး ဘုရင်မအနေနဲ့ နန်းတက်တာနဲ့ စတင်ထားပါတယ်။ Queen Ravenna မှာ Freya ဆိုတဲ့ညီမတစ်ယောက်ရှိပါတယ်။ Freya ဟာ ချစ်သူရဲ့သစ္စာမဲ့မှုကို ခံလိုက်ရပြီး သူမရဲ့ ရင်သွေးလေးကို ဆုံးရှုံးလိုက်ရပါတယ်။ Freya ဟာချစ်ခြင်းမေတ္တာကိုယုံကြည်မှုကင်းမဲ့သွားခဲ့ပြီး သူရဲ့အစွမ်းတွေနဲ့နယ်မြေတွေကို သိမ်းပိုက်ကာ ရေခဲနန်းတော်တည်ဆောက်ကာ နေထိုင်ခဲ့ပါတယ်။ သူမရဲ့နန်းတော်ထဲမှာ သူမသိမ်းပိုက်ခဲ့တဲ့ နယ်မြေတွေက ဖမ်းယူလာတဲ့ကလေးငယ်တွေကို စစ်သည်တော်တွေဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။

Huntsman Eric နဲ့ Sara တို့က Freya ရဲ့အတော်ဆုံးစစ်သည်တော်တွေ ဖြစ်လာကြပါတယ်။ Eric တို့နဲ့ Sara တို့ ချစ်ကြိုက်သွားကြပြီး ဒါကိုလည်း Freya က သိရှိသွားခဲ့ပါတယ်။ Freya က Huntsman Eric နဲ့ Sara နစ်ဦးလုံးကို ဖမ်းဆီးဖို့ကြိုးစားခဲ့ပြီး Freya ရဲ့စစ်သည်တော်တွေက Sara ကို သတ်ဖြတ်ခဲ့ပြီး Eric ကိုလည်း မြစ်ထဲသို့ ပစ်ချလိုက်ပါတယ်။

Eric က အသက်အန္တရာယ် ကနေ လွတ်မြောက်လာခဲ့ပြီးနောက် (၇) နှစ် ကြာမြင့်သွားခဲ့ပါတယ်။ အဲဒီနှစ်တွေအတွင်းမှာ စန္ဒီးဝိုက်မင်းသမီးလေး နဲ့ တွေ့ဆုံပြီး Queen Ravenna ကိုပူးပေါင်းတိုက်ထုတ်နေတဲ့အချိန် ကာလအဖြစ်ဇာတ်လမ်းမှာ ဖော်ပြထားပါတယ်။

Queen Ravenna ကို တိုက်ထုတ်ပြီးနောက်မှာ Queen Ravenna ရဲ့မှော်မှန်ချပ်လည်း ပျောက်ဆုံးသွားခဲ့ပါတယ်။ ဒါကို ရှာဖွေဖို့ အတွက် Eric ကို တာဝန်ပေးလာခဲ့ပါတယ်။ တစ်ဖက်မှာ Freya ဟာ မှော်မှန်ချပ်ကို ပျောက်ဆုံးသွားကို သိသွားတဲ့အပြင် Eric အသက်ရှင်နေတာကိုလည်း သိသွားခဲ့ပါတယ်။ ပျောက်ဆုံးနေတဲ့ မှော်မှန်ချပ်ကို Eric ကပဲ ရှာတွေ့မလား၊ Freya ကရော ဘယ်လိုရယူဖို့ ကြိုးပမ်းလာမလဲဆိုတာတွေကို ဆက်လက်ကြည့်ရှုခံစားကြပါလို့ တိုက်တွန်းပါရစေ။

Level 4 Diploma in Business တန်းခွဲသစ် စတင်ဖွင့်တော့မည်

ဒီတစ်ပတ် Program Highlightမှာတော့ မကြာမီဖွင့်လှစ်တော့မယ့် NCC Program အကြောင်းကို ဖော်ပြပေးလိုက်ရပါတယ်။

တက္ကသိုလ်ဝင်တန်းအောင်များအတွက် UK နိုင်ငံရှိ တက္ကသိုလ်များရဲ့ စီးပွားရေးဘွဲ့ ပထမနှစ်နဲ့ညီမျှသော NCC Level 4 Diploma in Business (Batch - 3FT) တန်းခွဲသစ်ဖွင့်လှစ်ရန် (၂၇) ရက်နေ့မှာ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။

NCCစီးပွားရေးဒီပလိုမာသည်တက္ကသိုလ်ဝင်တန်းအောင် လူငယ်များကို စီးပွားရေးနယ်ပယ်မှာ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်သော စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းကောင်းများလည်း ရရှိနိုင်အောင်ပြင်ဆင်ပေးသလို တစ်ချိန်မှာ မိသားစုလုပ်ငန်း ဦးဆောင်နိုင်ရန်၊ ကိုယ်ပိုင်လုပ်ငန်း စတင်နိုင်ရန် အခြေခံကောင်းရရှိရန် ပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။

Level 4 Diplomaအောင်မြင်သည့်အခါ ယူကေတက္ကသိုလ်များတွင် ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှာ ဆက်လက်လေ့လာလိုပါက **STRATEGY FIRST** မှာ ဒုတိယနှစ်နဲ့ညီမျှသော Level 5 ကို ဆက်လက်သင်ယူနိုင်ပါတယ်။ Level 5 ပြီးပါက နောက်ဆုံးနှစ်ကို UK နှင့် Australia ရှိ တက္ကသိုလ်များမှာတက်ရောက်နိုင်သလိုမြန်မာနိုင်ငံမှ ဘွဲ့ရယူနိုင်သော အခွင့်အလမ်းလည်း ရှိနေပါတယ်။

အတန်းများကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင်စတင်တက်ရောက်ရမည်ဖြစ်သည်။

Level 4 Diploma in Business အတွက် First Semester တွင်သင်ကြားရမည့် ဘာသာရပ်များမှာ -

1. Business Mathematics - Monday: 9:00 am to 12:00 pm | Daw Thida Han - B. Econ (Hons), M. Econ (Stats) (YIE)
2. Fundamental of Economics - Tuesday: 1:00 pm to 4:00 pm Daw Thida Myint, B. Econ (Hons), M. Econ (Eco) (YIE)
3. Essentials of Management - Wednesday: 9:00 am to 12:00 pm | Daw Kyawt Khin Khin Khant, Master of Business Administration (International Business Management, Payap University)
4. Communications for Business - Thursday: 9:00 am to 12:00 pm | Ms Carine Le Port (M. Com, Queensland)
5. Introduction to Finance - Friday: 9:00 am to 12:00 pm | Daw Htay Htay Myint, B. Com (Hons), M. Com (YIE)

Second Semester တွင် ဆက်လက်သင်ကြားရမည့် ဘာသာရပ်များမှာ -

6. Principles of Marketing
7. eBusiness
8. Understanding Business Organisations
9. Essentials of Management
10. IT Skills

ဝင်ခွင့်သတ်မှတ်ချက်များ -

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန် ဖြေဆိုရပါမည်။

သင်တန်းကြေးနှင့် Scholarship များ

L4DB ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ Tuition Fees: 2,980,000 Ks | L4DB NCC Fees - 320 GBP သင်တန်းကြေးကို ၃ ရစ် (သို့) ၉ ရစ် ခွဲသွင်းနိုင်ပါသည်။

ဂုဏ်ထူးအလိုက် ဂုဏ်% အထိရှိမြင့်မည့် Scholarship အစီအစဉ်

ဂုဏ်ထူးရဘာသာရပ် အရေအတွက် အလိုက် Scholarship သတ်မှတ်ပြီးသင်တန်းကြေးများ လျှော့ပေးသွားပါမည်။

အင်္ဂလိပ်စာ အမှတ် ၆၀ အထက် - 10% Scholarship

SFJ Team

တစ်ဘာသာဂုဏ်ထူး - 10% Scholarship (အင်္ဂလိပ်စာ ၆၀ + ၂၀%)

Ecoဂုဏ်ထူး - 20% Scholarship (အင်္ဂလိပ်စာ ၆၀ + ၃၀%)

ဂုဏ်ထူး ၂ ဘာသာ - 20% Scholarship (အင်္ဂလိပ်စာ ၆၀ + ၃၀%)

ဂုဏ်ထူး ၃ ဘာသာ - 30% Scholarship (အင်္ဂလိပ်စာ ၆၀ + ၄၀%)

ဂုဏ်ထူး ၄ ဘာသာ - 40% Scholarship (အင်္ဂလိပ်စာ ၆၀ + ၅၀%)

ဂုဏ်ထူး ၅ ဘာသာ - 50% Scholarship (အင်္ဂလိပ်စာ ၆၀ + ၆၀%)

ဂုဏ်ထူး ၆ ဘာသာ - 75% Scholarship

သင်တန်းကြေးပေါ်တွင် Scholarship ပေးခြင်းဖြစ်ပြီးစာမေးပွဲကြေးပေါင် ၃၂၀အပြည့် ပေးသွင်းရန်လိုအပ်ပါသည်။

ကျောင်းသား/ကျောင်းသူဟောင်းများ၏ မောင်နှမများကို သင်တန်းကြေး (5%) Discount ပေးပါသည်။ ■





အမှုဆောင်အကြီးအကဲ တစ်ယောက်ရဲ့အမှုအကျင့်တွေက ဘာတွေလဲ? သင့်မှာရော ဒီလိုအမှုအကျင့်တွေရှိသလား?

ကုမ္ပဏီလုပ်ငန်းတစ်ခုမှာ ရှိတဲ့အမှုဆောင်အကြီးအကဲတစ်ယောက်ရဲ့ စွမ်းအားအရည်အချင်းတွေက ဘာတွေလဲ၊ သြဇာအာဏာလား၊ ကိုယ်ဟန်အမှုအရာ ကြော့မော့ခြင်းလား၊ လုပ်ငန်းမှာ အရေးပါအရာရောက်မှုလား၊ ၊ အဲဒါတွေလည်း မှန်ပါတယ်၊ နောက်တစ်ချက် ရှိပါသေးတယ်၊ ကိုယ့်နှုတ်အမှုအရာနဲ့ ဆွဲဆောင်နိုင်မှု ဖြစ်ပါတယ်။

တည်တံ့ခိုင်မာလာနေတဲ့သမိုင်းကြောင်းနဲ့ အစဉ်အလာရှိ လုပ်ငန်းကုမ္ပဏီတွေက အမှုဆောင်အရာရှိတွေရဲ့ကိုယ်နှုတ်အမှုအရာ ဆွဲဆောင်နိုင်မှုတွေနဲ့ ပတ်သက်လို့ တော်တော်များများ လေ့လာတွေ့ရှိခဲ့ပါတယ်။ ကိုယ်နှုတ်အမှုအရာ ဆွဲဆောင်နိုင်တယ်ဆိုတာ ဘာလဲ၊ ဘယ်သူတွေမှာ ရှိတာလဲ၊ ၊ စိတ်ဆန္ဒပြင်းပြတဲ့ ခေါင်းဆောင်တိုင်းကရော အဲဒါမျိုးရဖို့ လိုပါသလား၊ အောက်ပါအချက်တွေကတော့ ကျွန်တော်တွေ့ရှိထားသမျှပါပဲ။

အမှုဆောင်အကြီးအကဲတစ်ယောက်ရဲ့ ကိုယ်နှုတ်အမှုအရာ ဆွဲဆောင်နိုင်မှု ဆိုတာဘာလဲ၊

အခြားတစ်ယောက်ယောက်နဲ့ကောင်းစွာ ပြောဆိုဆက်သွယ်နိုင်တဲ့အရည်အချင်း၊အတတ်ပညာဆိုင်ရာ လုံလောက်တဲ့ အရည်အချင်းတစ်ရပ်ရှိခြင်း၊ အမြော်အမြင်ရှိခြင်းနဲ့ ခေါင်းဆောင်တစ်ယောက်ရဲ့တွေးခေါ်ပုံ၊ ဆုံးဖြတ်ချက်တွေထဲမှာ ယုံကြည်ချက်တစ်ခု ရှိနေတယ်ဆိုတာကိုဖော်ပြနိုင်လောက်တဲ့ပင်ကိုယ်စိတ်နေသဘောထားမှန်ကန်ခြင်း စတာတွေကို ပေါင်းစပ်ထားတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ခေါင်းဆောင်ပိုင်းနေရာတွေမှာ အံဝင်ခွင်ကျ လုပ်ကိုင်နိုင်ဖို့ကြိုးစားနေတဲ့သူတွေအတွက်ကတော့ အဲဒီ ကိုယ်နှုတ်အမှုအရာ ဆွဲဆောင်နိုင်မှု ဆိုတဲ့ အချက်က ကိုယ်တိုင်တိုးတက်မှုရှိဖို့၊ သူတစ်ပါးအပေါ် လွှမ်းမိုးနိုင်ဖို့နဲ့ ရလဒ်တွေအကောင်အထည်ဖော်နိုင်ဖို့အတွက် လိုအပ်လှတဲ့အရည်အချင်းတွေပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ သူတစ်ပါးအပေါ်ကိုယ်နှုတ်အမှုအရာနဲ့ဆွဲဆောင်နိုင်မှုဆိုတာက အခန်းတစ်ခုထဲကို သင်လမ်းလျှောက်ဝင်လိုက်တာနဲ့အများအကြားထင်းခနဲ ပေါ်နေစေတဲ့ အချက်ပဲဖြစ်ပါတယ်။

> **လုပ်ငန်းတစ်ခုမှာ အမှုဆောင်တစ်ယောက် ဖြစ်နိုင်ဖို့ လိုအပ်တဲ့ အခြေခံ အချက်အလက်တွေပေါ်မှာ လူတိုင်းဟာ သူတို့ရဲ့ ကိုယ်ပိုင်ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ အမြော်အမြင်ရှိမှုတွေပါ ထပ်ပေါင်းရမှာပဲ ဖြစ်ပါတယ်။**

လူတွေကိုကိုယ်နှုတ်အမှုအရာ ဆွဲဆောင်မှုရှိဖို့အပိုင်းကို သင်ကြားပေးဖို့အတွက် အရေးပါတဲ့အချက်ဆိုတာကတော့ လုပ်ငန်းတစ်ခုမှာ အမှုဆောင်တစ်ယောက်ဖြစ်နိုင်ဖို့ လိုအပ်တဲ့ အခြေခံအချက်အလက်တွေပေါ်မှာ လူတိုင်းဟာ သူတို့ရဲ့ ကိုယ်ပိုင်ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့အမြော်အမြင်ရှိမှုတွေပါထပ်ပေါင်းရမှာပဲ ဖြစ်ပါတယ်။

ဒီလိုမျိုး ကိုယ်ရည်ကိုယ်သွေးနဲ့ ဉာဏ်အမြော်အမြင်တွေကိုရဖို့ တည်ဆောက်တာက ခေါင်းဆောင်အကြီးအကဲတွေလိုမျိုး နေရာမျိုးတွေရဖို့သက်သက်ပဲလိုအပ်လှတာတော့မဟုတ်ပါဘူး။ လူတိုင်းအတွက် လိုအပ်လှပါတယ်။ တကယ်တမ်းဆိုရင် အားကောင်းတဲ့ ခေါင်းဆောင်အကြီးအကဲတစ်ယောက်ရဲ့ကိုယ်နှုတ်အမှုအရာကောင်းစွာရှိမှုကကိုယ့်ကိုအများသတိထားလာနိုင်ပြီး တက်လမ်းတွေလည်း ရရှိလာနိုင်ပါတယ်။

အောက်ပါအချက်တွေကတော့ သင့်ရဲ့ ကိုယ်နှုတ်အမှုအရာ ဆွဲဆောင်မှုရှိဖို့အတွက် လုပ်ဆောင်တဲ့နေရာမှာ လိုအပ်တဲ့အချက်တွေပဲ ဖြစ်ပါတယ်။ သင်ဟာ တကယ်လို့ လုပ်ငန်းတစ်ခုခုမှာ အကြီးအကဲတစ်ယောက်ဖြစ်လာဖို့ အခွင့်အလမ်းတွေ ရှိနေတယ်ဆိုရင်တော့ ဒါတွေကို ကြိုတင်လေ့လာထားပါ။

၁။ အဝတ်အစားပိုင်းကို ဂရုစိုက်ပါ။ သင့်ရဲ့ လုပ်ငန်းအဖွဲ့အစည်းတွေမှာရှိတဲ့ အမှုဆောင်အရာရှိတွေဟာ Formal ကျတဲ့ ဝတ်စုံကိုပဲ စနစ်တကျ သပ်ရပ်စွာ ဝတ်ဆင်ကြတာ တွေ့ရနိုင်ပါတယ်။ သူတို့မှာ ဘယ်လိုအချိန်မှာပဲဖြစ်ဖြစ် သူတို့နဲ့ တန်းတူတွေနဲ့ ဆက်ဆံဖို့အတွက် ခုလိုမျိုး အဝတ်အစားကို သပ်ရပ်စွာ အဆင့်တန်းမြင့်မြင့်ဝတ်ဆင်ကြပါတယ်။ အဲဒီလိုအလေ့အထတွေကို သတိပြုပြီးတော့ သင့်ရဲ့ကိုယ်ပိုင်အဝတ်ဗီရိုကနေ စတင်ပြောင်းလဲတတ်ဖို့လိုပါလိမ့်မယ်။ တကယ်တမ်းဆိုရင် သင့်ရဲ့ကိုယ်ပိုင် စိတ်ကူးနဲ့ ပေါင်းစပ်ပြီး မှန်ကန်သင့်တော်အောင် ဝတ်ဆင်နိုင်ဖို့ကလည်း အဓိက အရေးကြီးလှပါတယ်။

၂။ထင်မြင်ချက်တစ်ခုရှိပါစေ။ခေါင်းဆောင်တွေဟာ သူတို့မှာ ပြောဖို့အခွင့်ကြုံလာတိုင်း ကိစ္စရပ်တွေကို ချပြောတတ်ပါတယ်။ ဒါဆိုရင် သင်ကရော ပြောသင့်ပါသလား၊ သင်ဟာ တကယ်လို့ အရေးကြီးတဲ့ ကိစ္စတစ်ခု တွေးထားမိပြီဆိုရင်တော့ ထုတ်ပြောဖို့ အခွင့်အရေးစောင့်ပါ။ အဲဒီအတွေးကို ခိုင်မာအောင် အချက်အလက်တွေနဲ့ကြိုတင်လေ့လာပြီးတည်ဆောက်ထားနိုင်မယ်ဆိုရင်တော့ ပိုကောင်းမွန်ပါတယ်။ ဒါပေမဲ့ တစ်ဖက်က တို့ပြန်လာနိုင်မယ့်အချက်တွေကိုလည်း အဆင်သင့် ပြန်ဖြေနိုင်ဖို့အတွက် သင်အနည်းငယ်အချိန်ပေးကြိုတင်စဉ်းစားထားရပါလိမ့်မယ်။

ဝ

၃။ အခန်းတစ်ခုထဲကို ဝင်သွားတဲ့အခါမှာ အခန်းထဲမှာ ဘယ်သူတွေရှိနေလဲ အရင် သတိထားကြည့်ပြီးတော့မှ ခုံကို ဆွဲထိုင်ပါ၊ သင်ထိုင်လိုတဲ့နေရာမှာ ဝင်ထိုင်ပါ၊

၄။ အရေးပါအရာရောက်တဲ့ မေးခွန်းကြီးမျိုးတွေကို မေးပါ။ သင့်ရဲ့လုပ်ငန်းဖောက်သည်တွေ၊ ဝန်ထမ်းတွေ၊ ပစ္စည်းပေးသွင်းသူတွေနဲ့ လုပ်ငန်းလက်တွဲဖက်တွေအပေါ်မှာ ကိစ္စရပ်တစ်ခုက ဘယ်လိုမျိုး သက်ရောက်မှု ရှိနေလဲ ဆိုတဲ့ မေးခွန်းမျိုးကို မေးမြန်းလိုက်ခြင်းအားဖြင့် သင်တွေးထားတဲ့ အတွေးရဲ့ အဓိကအချက်အလက်တွေကို ပိုမိုခိုင်မာလာဖို့ ကူညီတည်ဆောက်ပေးနိုင်ပါလိမ့်မယ်။ ဒါ့အပြင် ရှယ်ယာရှင်တွေစိတ်ထဲမှာလည်း သင်ကလုပ်ငန်းအပေါ်မှာ စိတ်အားထက်သန်မှုတွေ ရှိတယ်ဆိုတာကို သင်သတိထားမိပါလိမ့်မယ်။

၅။ ကြမ်းပြင်ပေါ်မှာ သင်ခြေတစ်စုံကို တည့်တည့်ထားပြီးထိုင်ပါ။ သင်ပြောနေတဲ့အချိန် သင့်အသံဟာ အခန်းတွင်းမှာရှိတဲ့ သင်နဲ့အဝေးဆုံးပုဂ္ဂိုလ်ကြားနိုင်လောက်တဲ့အထိမြှင့်ပြောပါ။ ဒါပေမဲ့ အော်ပြောရတာမျိုးတော့မဖြစ်ပါစေနဲ့။ တစ်ဖက်လူတွေ ကြားနိုင်လောက်အောင် အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်ပြောပါ။ သူတို့ မေးလိုတာတွေကိုလည်း မရှက်မကြောက် မေးခွင့်ပြုပါ။ ကိုယ်လက်အမှုအရာထည့်ပြောပါ။ ကိုယ်လက်အမှုအရာနဲ့ စကားပြောဆိုတာက တခြားသူတွေ ကိုယ့်အပေါ် ထင်မြင်ချက်တွေပေါ်မှာ သက်ရောက်သလိုကိုယ့်ရဲ့ယုံကြည်ချက်တွေ ဘယ်လိုရှိတယ်ဆိုတာကိုပါပြသရာရောက်ပါတယ်။

၆။ "ကျွန်တော်ထင်တယ်..." "ခင်ဗျားလည်း ဒါကို တွေးထားတယ်လို့ ကျွန်တော်ထင်တယ်၊ ဒါပေမဲ့လည်း..." "ဒါကိုကျွန်တော်တို့ဘယ်နေရာမှာလုပ်နေတာလဲ၊ ကျွန်တော်မသိဘူးဖြစ်နေတယ်..ဒါပေမဲ့ဗျာ..." အစရှိတဲ့ တိကျသေချာမှုမရှိတဲ့ ပြောဆိုမှုတွေ ရှောင်ပါ။

သင်ဟာ တကယ်လို့ သင်လုပ်နေတဲ့ အဖွဲ့အစည်းတစ်ခုခုမှာ အကြီးအကဲအဖြစ် ရာထူးတိုးနိုင်ဖို့ မျှော်လင့်ထားတယ်ဆိုရင်တော့ ဒီလိုမျိုး အကြီးအကဲတစ်ယောက်မှာ ရှိသင့်တဲ့ ကိုယ်နှုတ်အမှုအရာဆွဲဆောင်နိုင်မှုမျိုးကို စတင်လေ့လာတည်ဆောက်ထားနိုင်မယ်ဆိုရင် သင့်ရဲ့အနာဂတ်မှာ ကောင်းကောင်း အခွင့်အလမ်းသာနေမှာဖြစ်ပါတယ်။ ■

Low-Budget Marketing for Rookies



x|aZmfa0

မင်္ဂလာပါ **Strategy First Library** မှ စာဖတ်ပရိသတ်များခင်ဗျာ။

အသေးစားနဲ့အလတ်စား (SME) လုပ်ငန်းပိုင်ရှင်အများစုဟာ Marketing ကို နက်နဲခက်ခဲပြီး ငွေအများဆုံးသုံးရကာ ဆန်းသစ်တီထွင်မှုများနဲ့ ရှုပ်ထွေးနေတဲ့အရာလို့ ထင်မြင်နေကြပါတယ်။ SME လုပ်ငန်းရှင်အများစုကလည်း Marketing ကို ငွေကုန်မယ်လို့ သာထင်မှတ်ထားကြပြီးလုပ်ငန်းအတွက်ထပ်မံရင်းနှီးမြှုပ်နှံဖို့သာ စိတ်အားထက်သန်နေတတ်ကြပါတယ်။

ဒီတစ်ပတ် **Strategy First** မှ စာဖတ်ပရိတ်သတ်များကိုမိတ်ဆက်ပေးချင်တဲ့စာအုပ်ကတော့ ကိုယ်ပိုင်စီးပွားရေး စတင်လုပ်ဆောင်မယ့်သူများ၊ ယခင်က Marketing မလုပ်ဖူးဘဲ Marketing တာဝန်ပေးအပ်ခြင်းခံရသူများ၊ Marketingဘာသာရပ်ကို စိတ်ဝင်စားသော်လည်း ဘယ်နေရာမှ စတင်လုပ်ဆောင်ရမယ်မှန်းမသိသူများအတွက် Marshall Cavendish Business မှထုတ်လုပ်ပြီး Karen Mc Creadie ရေးသားတဲ့ Low-Budget Marketing for Rookies စာအုပ်ကိုမိတ်ဆက်ပေးပါရစေခင်ဗျာ။

စာရေးသူ Karen McCreadie ဟာ Marketer တစ်ယောက်ဖြစ်ရုံမက CEO များ၊ ကိုယ်ပိုင်လုပ်ငန်း စတင်လုပ်ဆောင်နေသူများ၊ အကြံပေးအတိုင်ပင်ခံများအတွက် ရည်ရွယ်ပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ စာအုပ်များ ရေးသားနေသူတစ်ယောက်ဖြစ်ရုံမက သူ ဝါသနာပါရာသရဲဝတ္ထုများကိုလည်း ရေးသားနေသူ ဖြစ်ပါတယ်။ စာရေးဆရာ တစ်ယောက်အနေနဲ့ရော စီးပွားရေးဘက်ပိုင်းမှာပါလူအများလေးစားရပြီး အောင်မြင်မှုအတိုင်းအတာတစ်ခု ရရှိထားတဲ့သူဖြစ်ပါတယ်။

ဒီစာအုပ်ကို Marketing ကို စတင်လေ့လာမယ့်သူများ အနေနဲ့

- ပစ္စည်းကိုဝယ်ယူရာမှာ ဘယ်လို ဆုံးဖြတ်ချပြီး ဝယ်ယူသလဲ၊ ဒီဆုံးဖြတ်ချက်ချခြင်းဆိုင်ရာစိတ်ပညာများကိုသိရှိပြီး ရောင်းအား ဘယ်လို တိုးတက်အောင်လုပ်မလဲဆိုတဲ့ နည်းလမ်းများ
- မိမိလုပ်ငန်းရဲ့အဓိက Key Customer များကိုဖော်ထုတ်ပြီး Key Customer များနဲ့ ရေရှည်ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ကာ နောက်ထပ်အလားတူ Key Customerများဖော်ဆောင်ကာ လုပ်ငန်း ပိုမိုတိုးတက် အောင်မြင်စေမည့်နည်းလမ်းများ
- မိမိပြိုင်ဘက်များနဲ့မတူဘဲ ကောင်းမွန်သာလွန်သော ယှဉ်ပြိုင်နိုင်စွမ်းရည် ဖော်ထုတ်ပြီး လုပ်ငန်းသစ်များ တိုးချဲ့နိုင်မယ့်နည်းလမ်းများ စတဲ့အချက်တွေပါဝင်မှာဖြစ်ပါတယ်။

Low-Budget Marketing for Rookies ဟာဆိုရင်ဖြင့် လွယ်ကူရိုးရှင်းပြီးထိရောက်တဲ့ လက်တွေ့အသုံးချနည်းလမ်းများ ပါဝင်တာကြောင့် လုပ်ငန်းအတွေ့အကြုံ ရှိသည်ဖြစ်စေ၊ မရှိသေးသည်ဖြစ်စေ စာအုပ်ပါအချက်အလက်များကို အသုံးချပြီး မိမိတို့ရဲ့လုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီစာအုပ်ကို အသုံးချပြီး ပိုမိုလက်တွေ့ကျ လွယ်ကူသော နည်းလမ်းများကို အသုံးချကာ ပိုမိုအောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်.....

abe Accredited Centre

Diploma in Business Management

(QCF level 6 - Graduate Level Diploma from the Association of Business Executives, UK)

1. Corporate Strategy and Planning | U Aung Chit Khin, MBA (Nottingham), Dip M PG Dip M (CIM, UK) | Monday – 6:00 to 8:30 pm
2. Managing in Organisations | Dr.Daw Ohnmar Myint, Ph.D (HRM, Delhi). M. Com, B. Com (Hons) | Thursday – 6:00 to 8:30 pm
3. International Business Case Study | Prof. Dr. Daw Hla Myint, D.Litt (YUE), M. Com, B. Com (Hons) | Saturday – 3:00 to 5:00 pm
4. Project Management | Daw Aye Aye Win, M.A (International Business, Sophia), M. Com, B. Com (Hons) | Sunday – 6:00 to 8:30 pm
5. Strategic Marketing Management | Dr. U Sein Min, PhD (Marketing, Passau), M. Com, B. Com (Hons) | Friday – 6:00 to 8:30 pm

ဘွဲ့ရထားသူများ တက်ရောက်နိုင်သည်၊ စီးပွားရေးသင်တန်းများမတက်ရောက်ဖူးပါက Business Mgt & Administraton သင်တန်းကိုပူးတွဲတက်ရောက်ရပါမည်၊ သင်တန်းကာလ ၆ လ (သို့) ၁ နှစ် အဆင်ပြေသလိုတက်ရောက်နိုင်ပါသည်၊ ကျောင်းသားဟောင်းများအတွက်အထူး Discount ရှိပါသည်၊

June Intake တန်းခွဲသစ်များ ဇွန်လ (၁၇) ရက်နေ့စမည်၊

abe Programme Fees: 1,500,000 kyats
abe Programme Fees + BMA Single Module Fees: 1,800,000 kyats
abe Registration Fees: 45 USD per year , abe Exam Fees - 60 USD per subject

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

Call now: (09) 250 7171 66 ~ 68

MLM

ကျန်းမာရေး၊ အာဟာရနဲ့ပတ်သက်ပြီး လူတွေ အထင်မှားတတ်တဲ့ အချက် (၅) ချက်

ကျန်းမာရေးအကြောင်းပြောရမယ်ဆိုရင် ပုံသေတစ်ခုတည်းမရှိပါဘူးလို့ပြောရပါမယ်။ လူတော်တော်များများမေ့လျော့နေကြတဲ့ တချို့အချက်တွေက သူတို့ကိုပြီးပြည့်စုံတဲ့ ကျန်းမာပျော်ရွှင်မှုမရစေအောင် ဟန့်တားနေပါတယ်။ ကျန်းမာရေး၊အာဟာရပိုင်းနဲ့ပတ်သက်ပြီးလူတွေ မသိကြတဲ့ အရေးပါတဲ့အချက် (၅)ချက် ရှိပါတယ်။

၁ နည်းလမ်းတစ်ခုက လူတိုင်းနဲ့သင့်တော်မှာမဟုတ်ပါဘူး။

အလုပ်တစ်ခုက လူတိုင်းနဲ့ မကိုက်ညီသလိုပဲ Diet တစ်ခုက လူတိုင်းအပေါ်မှာ တူညီတဲ့အကျိုးသက်ရောက်မှုရှိချင်မှရှိပါလိမ့်မယ်။ လူတစ်ယောက်နဲ့တစ်ယောက်က အကြမ်းဖျင်းအားဖြင့် တူညီကြပေမယ့် အစာခြေဖျက်ခြင်း၊ ဟော်မုန်းပမာဏ စတဲ့အရာတွေနဲ့ လူနေမှုပုံတွေက တစ်ယောက်နဲ့တစ်ယောက်ကို တူညီမှုမရှိအောင်ကွဲပြားစေပါတယ်။ဒါကြောင့် သူများနဲ့အဆင်ပြေတဲ့စားသောက်မှုပုံစံကကိုယ်နဲ့မကိုက်ညီတာတွေရှိနိုင်ပါတယ်။ ကိုယ်နဲ့မကိုက်ညီတဲ့ Dietမျိုးစားသောက်မိရင်ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ပါတယ်။

ဒါကြောင့်ကျွန်တော်တို့အနေနဲ့ နေထိုင်စားသောက်မှု Diet ပုံစံတစ်ခု လူတိုင်းအတွက် မဟုတ်ဘူးဆိုတာသိထားရပါမယ်။ တစ်ဦးချင်းစီအတွက်အဆင်ပြေကျန်းမာစေမယ့်နည်းလမ်းကိုရှာဖွေလိုက်နာ ကျင့်သုံးရမှာဖြစ်ပါတယ်။

J Diet လုပ်တာနဲ့ အလုံးစုံ အဆင်ပြေမှာမဟုတ်ပါဘူး။

ကျန်းမာမှုမရှိတဲ့ စားသောက်မှု Diet ပုံစံရှိနေရင်လေ့ကျင့်ခန်းဘယ်လောက်လုပ်လုပ် အလကားဖြစ်သလို အလုံးစုံကျန်းမာနိုင်ဖို့ မှန်ကန်စွာစားသောက်တာနဲ့တင်လည်းမရပါဘူး။ သားရေစာတွေစားတာထက်တော့ မှန်ကန်တဲ့ Diet ပုံစံက ပိုကျန်းမာစေနိုင်ပေမယ့် ဒီတစ်ခုတည်းနဲ့ကျန်းမာရေးကောင်းစေမှုမဟုတ်ပါဘူး။ ခံစားမှု၊ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာ စတဲ့အချက်တွေကလည်း ကျန်းမာဖို့အတွက် အရေးပါ.ပါတယ်။ ဟော်ရ္ဓမ္ဘာ၊ Social ပိုင်းဆိုင်ရာ အပေါင်းအသင်းဝင်ဆံ့ဖို့ နဲ့ လူအသိုင်းအဝိုင်းမှာ လက်ခံရဖို့ကလည်း ကျန်းမာရေးမှာ အဓိကအချက်အနေနဲ့ပါဝင်ပါတယ်။

မိမိရဲ့စိတ်အားထက်သန်မှု၊ ရည်မှန်းချက်တွေ နဲ့ ဝါသနာတွေကလည်း စိတ်ကျန်းမာရေးအပြင်ကိုယ်ကျန်းမာရေးကိုပါအထောက်အကူပေးတယ်ဆိုတာ သိသင့်ပါတယ်။ကျန်းမာလှပါပြီ ဆိုတဲ့အစားအစာတွေစားပြီး စိတ်ပိုင်းဆိုင်ရာမှာ ကျဆင်းနေရင်လည်း ခန္ဓာကိုယ်ပိုင်းကိုပြန်လည်ဆိုးကျိုးတွေဖြစ်စေမှာပါ။

၂ အားကစားလုပ်ခြင်းက ဆိုးရွားစေတဲ့စားသောက်မှုပုံစံကို ကာနိုင်မှုမဟုတ်ပါဘူး။

Junk Food ၊ Fast Food နဲ့ သားရေစာတွေ နေ့တိုင်းစားနေမယ်ဆိုရင် တစ်နေ့ကို (၅) မိုင် ပုံမှန်ပြေးနေလည်း မထူးခြားပါဘူး။ အားကစားလုပ်တယ်ဆိုပြီးတော့လည်း ကျန်းမာရေးကိုထိခိုက်စေတဲ့အစားအစာတွေ စားချင်တိုင်းစားလို့မရပါဘူး။ ကျွန်တော်တို့ဟာ ခန္ဓာကိုယ်အတွက်တင်မက ဦးနှောက်အတွက်ပါ အာဟာရဖြည့်တင်းရပါမယ်။ Antioxidants ၊ Omega-3 Fatty Acids ၊ Complex Carbs နဲ့ အသားတွေကရတဲ့ Amino Acids တွေက ကျွန်တော်တို့ဦးနှောက်ဆဲလ်တွေကို အားဖြည့်ပေးပြီးနလုံး၊ကြွက်သားနဲ့အရိုးတွေကိုပါကောင်းမွန်စေပါတယ်။

၄ မျှတခြင်းက များပြားခြင်းထက် ပိုကျန်းမာစေပါတယ်။

ဘယ်လို Diet မျိုးပဲစားစား အရေးအကြီးဆုံးက အာဟာရမျှတစေဖို့ပါ။ အရမ်းပြင်းထန်လွန်းတဲ့ Diet တွေက ရေရှည်အတွက် မကောင်းပါဘူး။ ပြင်းထန်တဲ့ Diet တွေမှာ သကြားဓာတ်ရှောင်တာတွေပါတတ်ပြီး ရှောင်တာကြာလာတဲ့အခါမှာ Side Effect တွေ ရှိတတ်ပါတယ်။တစ်နေ့တာအတွက်လိုအပ်တာတွေကိုစားနေလို့ Junk Food တွေကိုတစ်သက်လုံးမစားရဘူးလို့မဆိုလိုပါဘူး။ အလွန်အကျွံ မဖြစ်စေဘဲနဲ့ အနည်းငယ်ကတော့ စားလို့ရပါတယ်။ Body Builder တွေနဲ့ အားကစားသမားတွေဆိုရင် တစ်ပတ်ကို တစ်ရက် Cheat Day ဆိုပြီးထားပါတယ်။ဒီလိုနေ့မှာ သူတို့ရဲ့ Diet မှာရှောင်လေ့ရှိတဲ့ Ice Cream ၊ Pizza စတာတွေကို စားလေ့ရှိပါတယ်။အများကြီးတော့ မဟုတ်ပါဘူး၊ တော်သင့်ရုံပါပဲ။

၅ အဖက်ဖက်မှာ ကောင်းနေဖို့တော့ မဖြစ်နိုင်ပါဘူး။

နောက်ဆုံးအချက်အနေနဲ့လူတိုင်းကအမှန်ကန်ဆုံးစားသောက်နေထိုင်မှုပုံစံကို မနေထိုင်ကြသလို ဘယ်တော့မှလည်း နေနိုင်မှာမဟုတ်ပါဘူး။ Perfect ဖြစ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။

ဘာပဲစားစားအဖက်ဖက်ကတော့ ကျန်းမာပြည့်စုံနေမှာမဟုတ်ပါဘူး၊ပြီးတော့ ကျန်းမာရေးအတွက် ကောင်းမွန်တာတွေပဲ အမြဲစားနေရင် ပျော်စရာကောင်းတော့မှာမဟုတ်ပါဘူး။အဓိကကတော့ အာဟာရပြည့်ဝအောင်စားဖို့၊ ကျန်းမာရေးကို ဆိုးကျိုးဖြစ်စေတာတွေကို တတ်နိုင်သလောက်ရှောင်ဖို့နဲ့ ပျော်ရွှင်အောင်နေတတ်ဖို့ပါပဲ။ ■

YINMAR ONLINE STORE
No.222, MahaBandoola Garden Street, Yangon. Ph - 01-374971
www.amazon.com နင့်အတြေ၊ သင်မှာယူလိုဇသာ website များမှ USA ပစ္စည်းများကို ၄င်းဈေးရင်းအတိုင်း မှာယူနိုင်ပြီ၊
မြန်မာပြည်အရောက်တန်ဖိုးမှာ = [ဇနာက်ဆုံးကျသင့်ငွေ + ကျသင့်ငွေ၏ 15% + ပစ္စည်းအလေးရှိန်တစ်ဇယိင် - 8,000 Kyats]
(အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အပိုကြေး ပေးဇောင်ရမည်၊)
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို စရန်အဖြစ် ကြိုတင်ပေးသွင်းရပါမည်၊
(အထူးအဖြစ် "Payments" မျိုးစုံကို 10% Charges ဖြင့်ဝန်ဆောင်မှုပေးပါမည်၊)
ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်၊ မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်၊
E-mail (chitkhinlim@gmail.com) (သို့) Text Messages (09-450066242,09-43202090, 09-422469977) ဖြင့် မှာလိုသောပစ္စည်းစာရင်းကို ပို့လာပါက ကျသင့်ငွေကို အခမဲ့တွက်ချက်ပြီး ပြန်ပို့ပေးပါမည်၊
မှာယူနိုင်ဇသာ ပစ္စည်းများ - Books, Software, Clothing, Electronics, Music, Toys, Games, Cell Phones, Laptops, Tablets, Computers, Gift Cards, CDs, DVDs, Blu-rays, Musical Instruments, Hand Bags, watches, Electronics Accessories, Automotive Parts & Beauty Items
ဝုဝမ်းရန် - ယင်းမာတေးသံသွင်း၊အမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် - ၀၁-၃၇၉၀၀ ၆၆၂၄၄၂၊ ဦးချစ်ခင် - ၀၉-၄၅၀၀ ၆ ၆ ၂ ၄ ၂ ၊ ဦးချောကြီး - ၀၉-၄၃၂၀၂၀၉၀
ဤဇနရာတွင်လည်း မှာယူနိုင်ပါသည် - Royal Express Services Ltd. HQ : No.114, 1st Flr., 49th St., Pazundaung Township, Yangon.
